ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန

# လူထုဗဟိုပြုစီမံကိန်း



# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

## ရှာစိုက်ကျေးရွာ

## ငါန်းဇွန်မြို့နယ်

## ၂၀၁၆ ခုနှစ်

## Contents


၁- နိဒါန်း ..... 5

၂- ကျေးရွာသမိုင်းကြောင်း ..... 6

၄. အစည်းအဝေးအစီအစဉ် ..... 7

၅.- လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်တွင် အသုံးပြုသော နည်းလမ်းများ.... 7

  ၅.၁- ရွာစိုက်ကျေးရွာ၏ လူမှုရေးအရင်းအမြစ်ပြမြေပုံ ..... 7

  ၅.၂- ဥတုစာရင်း အဆင့်သတ်မှတ်ခြင်း ..... 8

  ၅.၃- ရာသီခွင်ပြ ပြက္ခဒိန် ..... 10

  ၅.၄- ပိုင်ဆိုင်မှုကို သုံးသပ်ခြင်း ..... 10


  ၅.၅- အဖွဲ့အစည်း ချိတ်ဆက်မှုဇယား ..... 11

  ၅.၆- ပင့်ကူအိမ်( ကျား၊မရေးရာကဏ္ဍအား ခွဲခြမ်းစိတ်ဖြာခြင်း) ..... 12


  ၅.၇- အမျိုးသားအမျိုးသမီးများ၏ အခက်အခဲနှင့် မျှော်မှန်းချက် ..... 13

  ၅.၈- ပြဿနာသစ်ပင်အား ဆန်းစစ်ခြင်း ..... 14

# ငါန်းဇွန်မြို့နယ်မြေပုံ



N
S
စစ် ကိုင်း မြို့ နယ်
မြင်း မူ မြို့ နယ်
မြောင် မြို့ နယ်
တံ တား ဦး မြို့ နယ်
မြင်း ခြံ မြို့ နယ်
နွား ထိုး ကြီး မြို့ နယ်
ကျောက် ဆည် သို့
မြင်း ခြံ သို့
တံ တား ဦး သို့
ရည်ညွှန်းချက်
မြို့နယ် နယ်နိမိတ်
ကျေးရွာအုပ်စု နယ်နိမိတ်
ကားလမ်း
ရထားလမ်း
စည်ပင်လမ်း
ကျေးရွာအုပ်စု/ကျေးရွာ
မြစ် / ချောင်း
ဆည် / ကန်
မြစ်ရေတင်
ရေမြောင်းလက်တံ
"gwftm;cGJ½Hk
ပညာရေး
ကျန်းမာရေး
ရဲစခန်း
၂၀၁၄ - ၁၅ဆောင်ရွက်မည့်
ဆည်/ကန်ငယ်များ


သံဘို ကျေးလက် ကျန်းမာရေးဌာန(ပင်မ) အခြေပြမြေပုံ
N
S
တောင်အောက်
သံဘို
အောင်ချမ်းသာ
ရွာစိုက်
ရည်ညွှန်းချက်
ဆေးခန်း
ကျေးရွာ
ကားလမ်း
လှည်းလမ်း
နယ်နိမိတ်

## ၁- နိဒါန်း

လူထုဗဟိုပြုစီမံကိန်း (NCDDP)သည် ၂၀၁၃ခုနှစ်မှ စတင်၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး အစိုးရအနေဖြင့် မြန်မာနိုင်ငံ၏ ကျေးလက်ဒေသများတွင် အဓိကအခြေခံအဆောက်အအုံနှင့် ဝန်ဆောင်မှုများကို တိုးတက်အောင် ဆောင်ရွက်စေနိုင်မည့် ပလက်ဖောင်းအသွင် ဖော်ဆောင်နိုင်ခဲ့သည်။ ကျေးလက်ဖွံ့ဖြိုးရေး ဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်သည်။ စီမံကိန်းက ကျေးလက်ဒေသ အခြေခံ အဆောက်အအုံများအတွက် ငွေကြေးနှင့်အတူ ကျေးလက်နေပြည်သူများက ယင်းလုပ်ငန်းများကို ရွေးချယ်ရာတွင် ပူးပေါင်းပါဝင်မှု၊ ကြိုတင်အသိပေးမှုနှင့် ပွင့်လင်းမြင်သာမှု အပြည့်ဖြင့် ရွေးချယ်တတ်အောင် ကူညီဆောင်ရွက်ခြင်း၊ စွမ်းဆောင်ရည်မြင့်တင်ခြင်းတို့ကို ကူညီဆောင်ရွက်သည်။

လူထုဗဟိုပြုစီမံကိန်း၏ ရည်ရွယ်ချက်မှာ အဓိကကျသော အခြေခံအဆောက်အအုံနှင့် ဝန်ဆောင်မှုများကို လူထုဗဟိုပြုချဉ်းကပ်နည်းဖြင့် ဆင်းရဲသော ရပ်ရွာဒေသများက အလွယ်တကူရယူအသုံးပြုကာ အကျိုးကျေးဇူးဖြစ်ထွန်းလာစေရန်နှင့် အရေးပေါ်အခြေအနေတရပ်ပေါ်ပေါက်လာပါက လျင်မြန်ထိရောက်စွာ တုံ့ပြန်ဖြေရှင်းပေးနိုင်ရန်အတွက် အစိုးရ၏ အရည်အသွေးမြင့်မားလာစေရန်တို့ဖြစ်သည်။ စီမံကိန်း၏ ရည်ရွယ်ချက်များမှာ

(၁) ရပ်ရွာကရွေးချယ်သော ကျေးလက်အခြေခံအဆောက်အအုံများတွင် ရန်ပုံငွေထောက်ပံ့ခြင်း။

(၂)ကျေးလက်နေပြည်သူများ၊ ဒေသအာဏာပိုင်များနှင့် ပူးပေါင်းပြီး ဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ်များ ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်း စွမ်းဆောင်ရည် အားကောင်းလာစေခြင်း။

(၃) စီမံကိန်းလုပ်ငန်းစဉ်တလျှောက်လုံးတွင် ဆင်းရဲနွမ်းပါးသူများ၊ အထိအခိုက်အခံသူများ အပါအဝင် ကျား- မ မရွေး ပါဝင်နိုင်စေခြင်းဖြင့် အောင်မြင်စွာဆောင်ရွက်သွားမည်ဖြစ်သည်။

လူထုဗဟိုပြုစီမံကိန်းကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာ လက်အောက်ရှိ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်ပြီး နိုင်ငံတော် အစိုးရ ဘတ်ဂျက်၊ ကမ္ဘာ့ဘဏ်၊ အီတလီ အစိုးရနှင့် ဂျပန်အစိုးရတို့၏ ရန်ပုံငွေများ ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပါသည်။


မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ်သည် စီမံကိန်းတတိယစက်ဝန်း (၂၀၁၅ ခုနှစ်နိုဝင်ဘာလ)တွင် (၁၈) မြို့နယ်တိုးချဲ့ခဲ့ပြီး (၂၇) မြို့နယ်အကောင်အထည်ဖော် ဆောင်ရွက်မည့် အထဲတွင်ပါဝင်ခဲ့သည်။ ယခုဖော်ပြမည့် အစီရင်ခံစာမှာ ငါန်းဇွန်မြို့နယ်၊ ရွာစိုက်ကျေးရွာတွင်

လုပ်ဆောင်သည့် လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် အကြောင်းဖြစ်သည်။

## ၂- ကျေးရွာသမိုင်းကြောင်း

ရွာစိုက်ကျေးရွာသည် မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ ငါန်းဇွန်မြို့နယ် သံဘိုအုပ်စုအတွင်းရှိ ကျေးရွာတစ်ရွာဖြစ်ပါသည်။ ရွာစိုက်ကျေးရွာဖြစ်ပေါ်လာပုံမှာ ပုဂံခေတ် ငှက်ကြီးသောင်းကျန်းစဉ်အခါက ၎င်းငှက်ကြီးကို ဖြိုခွင်းသော မြှားသည်ငှက်ကြီး၏ ရင်ဝမှ ဖောက်ထွက်ပြီးလာ၍ စိုက်သောနေရာတွင် ရွာတည်ထားသဖြင့် မြှားစိုက်ကျေးရွာဟုခေါ်တွင်ခဲ့ပါသည်။ ကာလရွေ့လျားလာသဖြင့် ယခုအခါ မြှားစိုက်ကျေးရွာမှ ရွာစိုက်ကျေးရွာအဖြစ် ပြောင်းလည်းခေါ်ဝေါ်လာပါသည်။ ရွာစိုက်ကျေးရွာသူ၊ ကျေးရွာသားများသည် စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံ၍ လုပ်ကိုင်စားသောက်နေထိုင်လာခဲ့ကြရာ လွန်ခဲ့သော နှစ်သုံးဆယ်ခန့်မှ စတင်၍ ရာသီဥတုဖောက်ပြန်လာသောကြောင့် စားဝတ်နေရေး ခက်ခဲကြပ်တည်း လာသဖြင့် အခြားနေရာဒေသများသို့ ပြောင်းရွှေ့လုပ်ကိုင် စားသောက်လာကြပါသည်။

## ၃- လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ်အဆင့်ဆင့်



## ၄. အစည်းအဝေးအစီအစဉ်

| စဉ် | ကျေးရွာအမည် | စီမံကိန်းအပိုင်းများ | ဆွေးနွေးသည့် အကြောင်းအရာများ |
|---|---|---|---|
| ၁ | ရွာစိုက် | ပ- အကြိမ်အစည်းအဝေး | စီမံကိန်းအကြောင်း မိတ်ဆက်ခြင်း |
| | | ပ- အကြိမ်အစည်းအဝေး | ကျေးရွာစေတနာ့ ဝန်ထမ်းရွေးချယ်ခြင်း |
| | | ပ- အကြိမ်အစည်းအဝေး | လူမှုဆန်းစစ်မှု ပြုလုပ်ခြင်း |
| | | ဒု-အကြိမ်အစည်းအဝေး | ကျေးရွာစီထောက်ကော်မတီဖွဲ့စည်းခြင်း |
| | | ဒု-အကြိမ်အစည်းအဝေး | အကြံပြုတိုင်ကြားရေး ရွေးချယ်ခြင်း |
| | | ဒု-အကြိမ်အစည်းအဝေး | ဝယ်ယူရေးဆပ်ကော်မတီ ရွေးချယ်ခြင်း |
| | | ဒု-အကြိမ်အစည်းအဝေး | စောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီရွေးချယ်ခြင်း |
| | | ဒု-အကြိမ်အစည်းအဝေး | လုပ်ငန်းလည်ပတ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ ရွေးချယ်ခြင်း |
| | | ဒု-အကြိမ်အစည်းအဝေး | ဘဏ္ဍာရေးစာရေး ရွေးချယ်ခြင်း |

## ၅.- လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်တွင် အသုံးပြုသော နည်းလမ်းများ

ရွာစိုက်ကျေးရွာတွင် လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်တွင် အသုံးပြုသော နည်းလမ်းများမှာ


- လူမှုရေးအရင်းအမြစ်ပြမြေပုံ
- ဥစ္စာဓန အဆင့်သတ်မှတ်ခြင်း
- ရာသီခွင်ပြ ပြက္ခဒိန်
- ပိုင်ဆိုင်မှုအား သုံးသပ်ခြင်း
- အဖွဲ့အစည်းချိတ်ဆက်မှုဇယား
- ပင့်ကူအိမ် (ကျား၊ မ ရေးရာကဏ္ဍအား ခွဲခြမ်းစိတ်ဖြာခြင်း)
- အမျိုးသားအမျိုးသမီးများ၏ အခက်အခဲနှင့် မျှော်မှန်းချက်
- ပြဿနာသစ်ပင် ...........စသည်တို့ကို ရေးဆွဲဖော်ထုတ်ခဲ့ကြသည်။

### ၅.၁- ရွာစိုက်ကျေးရွာ၏ လူမှုရေးအရင်းအမြစ်ပြမြေပုံ

ရွာစိုက်ကျေးရွာသည် မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ် သံဘိုအုပ်စုအတွင်းတွင် တည်ရှိပြီး အိမ်ခြေ (၃၀ )အိမ်၊ လူဦးရေ ကျား (၆၉) ယောက်၊ မ (၈၈) ယောက် စုစုပေါင်း (၁၅၇)

ယောက်ရှိပါသည်။ ကိုးကွယ်သည့်ဘာသာမှာ ဗုဒ္ဓဘာသာကို ကိုးကွယ်ကြပြီး ဘုန်းတော်ကြီးကျောင်းနှင့် အခြေခံပညာမူလတန်းကျောင်း တည်ရှိပါသည်။ ငါန်းဖွန်မြို့နှင့် မိုင်(၄၀) ကျော်ကွာဝေးပြီး လမ်းပန်းဆက်သွယ်ရေး အခြေအနေမှာ ကတ္တရာလမ်းတဝက်နှင့် မြေသားလမ်းတဝက်တို့ တည်ရှိသည့်အတွက် မိုးရာသီတွင် အခက်အခဲရှိပြီး နွေရာသီနှင့် ဆောင်ရာသီတို့တွင် သွားလာရ အဆင်ပြေသည်ဟု ပြောရမည်ဖြစ်သည်။ ရွာစိုက်ကျေးရွာ၏ အဓိကစီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးရေးကိုသာအခြေခံ၍ လုပ်ကိုင်ကြပြီး ထန်းတောင်သူအနည်းငယ် ရှိပါသည်။ ကျေးရွာကျန်းမာရေးဆေးခန်း မရှိသည့်အတွက် သံဘိုအုပ်စုကျန်းမာရေး ဆေးပေးခန်းကိုသာ မှီခိုအားထားနေရပါသည်။ သောက်သုံးရေမှာ စိမ့်စမ်းရေနှင့် ကန်ရေကိုသာ အဓိကမှီခိုအားထား သုံးစွဲနေရပါသည်။

ရွာစိုက်ကျေးရွာ၏ အိမ်အမျိုးအစားများမှာ သွပ်မိုး၊ ဝါးထရံကာ အိမ်အမျိုးအစားများနှင့် ထန်းရွက်မိုးအိမ်များဖြင့် တည်ဆောက်နေထိုင်နေသည်ကို တွေ့ရှိရပါသည်။



ရွာစိုက်ကျေးရွာ၏ လူမှုရေးအရင်းအမြစ်ပြမြေပုံအား ရေးဆွဲဖော်ထုတ်ထားစဉ်

## ၅.၂- ဥတုရာသီ အဆင့်သတ်မှတ်ခြင်း


ရွာစိုက်ကျေးရွာ၏ ဥတုရာသီအဆင့်သတ်မှတ်ခြင်းအား ကျေးရွာသူ၊ ကျေးရွာသားများနှင့် အောက်ပါအတိုင်း အဆင့် (၃)ဆင့်ခွဲကာရေးဆွဲဖော်ထုတ်ခဲ့ပါသည်။

❖ ချမ်းသာခြင်း
❖ ပြေလည်ခြင်း
❖ မပြေလည်ခြင်း.. စသည်တို့ဖြစ်သည်။

**ချမ်းသာခြင်း။** ။ ရွာစိုက်ကျေးရွာ၏ ချမ်းသာခြင်းအဆင့်အား တိုက်၊ ကား၊ လယ် (၁၀)ဧကနှင့်အထက်၊ ထော်လာဂျီ ...စသည်တို့ဖြင့် သတ်မှတ်ခဲ့ပြီး ကျေးရွာအနေဖြင့် ၎င်းညွှန်းကိန်းများဖြင့် ပြည့်မီသည့် ချမ်းသာသည့်သူ မရှိသည်ကို တွေ့ရှိရပါသည်။

**ပြေလည်ခြင်း။** ။ ရွာစိုက်ကျေးရွာ၏ ပြေလည်ခြင်းအဆင့်အား သစ်သားအိမ်၊ ဆိုင်ကယ်၊ မြေ (၅) ဧကနှင့်အထက် ...... စသည်တို့ဖြင့် သတ်မှတ်ခဲ့ပြီး ၎င်းညွှန်းကိန်းများနှင့် ပြည့်မီသည့် ပြေလည်ခြင်းအဆင့်ရှိသူ အိမ်ထောင်စု (၁၄) စုရှိသည်ပြီး ရာခိုင်နှုန်းအားဖြင့် (၄၆.၆၇) ရာခိုင်နှုန်းရှိကြောင်း တွေ့ရှိရပါသည်။


**မပြေလည်ခြင်း။** ။ ရွာစိုက်ကျေးရွာ၏ မပြေလည်ခြင်းအဆင့်အား လက်လုပ်လက်စား၊ ထန်းရွက်မိုး၊ ထန်းရွက်ကာ၊ မြေ(၂) ဧကအောက် ..... စသည်တို့ဖြင့် သတ်မှတ်ခဲ့ပြီး ၎င်းညွှန်းကိန်းများနှင့် ပြည့်မီသည့် မပြေလည်ခြင်းရှိသူ အိမ်ထောင်စုမှာ(၁၆)ရှိပြီး ရာခိုင်နှုန်းအားဖြင့် (၅၃.၃၃)ရှိသည်။



ရွာစိုက်ကျေးရွာ၏ ဥစ္စာနေ အဆင့်သတ်မှတ်ခြင်းအား ရေးဆွဲဖော်ထုတ်ထားကြစဉ်

## ၅.၃- ရာသီခွင်ပြ ပြက္ခဒိန်

ရှာစိုက်ကျေးရွာ၏ စိုက်ပျိုးရာသီလများမှာ ကဆုန်လနှင့် နယုန်လများတွင် နှမ်းစိုက်ပျိုးကြပြီး ဝါဆိုလတွင် မြေပဲစိုက်၍ ဝါခေါင်လတွင် ပြောင်းစိုက်ပျိုးကြပါသည်။ ရိတ်သိမ်းချိန်များမှာ ဝါဆိုလတွင် နှမ်း၊ ပြာသိုလတွင် ပဲ၊ တပိုတွဲလတွင် ပြောင်းရိတ်သိမ်းကြပါသည်။ ပွဲတော်ရက်များမှာ တန်ခူးလတွင် သင်္ကြန်ပွဲတော်၊ ဝါဆိုလတွင် ဘုရားပွဲ၊ သီတင်းကျွတ်လတွင် သီတင်းကျွတ်လပြည့် ဘုရားပွဲများကို ကျင်းပကြပါသည်။ ရှာစိုက်ကျေးရွာ၏ ကျန်းမာရေးအခြေအနေမှာ ရာသီအကူးအပြောင်း ကာလဖြစ်သည့် တော်သလင်းလတွင် တုတ်ကွေး၊ နာစေးချောင်းဆိုး .....စသည့်ရောဂါများ ဖြစ်ပွားလေ့ရှိသည်ကို ထုတ်တွေ့ရှိရသည်။



ရှာစိုက်ကျေးရွာ၏ ရာသီခွင်ပြ ပြက္ခဒိန်အား ရေးဆွဲဖော်ထုတ်ထားစဉ်


## ၅.၄- ပိုင်ဆိုင်မှုကို သုံးသပ်ခြင်း

ရှာစိုက်ကျေးရွာ၏ ပိုင်ဆိုင်မှုကို သုံးသပ်ခြင်းအပိုင်းကို ကျေးရွာသူ၊ ကျေးရွာသားများနှင့် အရင်းအမြစ်(၅) ခုဖြင့် ဖော်ထုတ်ခဲ့ပါသည်။ အရင်းအမြစ်ငါးခုမှာ

- ဘုန်းကြီးကျောင်း
- ရေကန်
- လမ်း
- နတ်စင်

- စာသင်ကျောင်း .....စသည်တို့ဖြစ်သည်။

ဒင်းအရင်းအမြစ်ငါးခုတွင် ဘုန်းကြီးကျောင်း၊ ရေကန်၊ လမ်း၊ စာသင်ကျောင်းတို့မှာ ကျား၊ မများသုံးစွဲကြပြီး နတ်စင်မှာ အမျိုးသမီးများသာ သုံးစွဲကြသည်ကို တွေ့ရှိရပါသည်။




ရွာစိုက်ကျေးရွာ၏ ပိုင်ဆိုင်မှုကို သုံးသပ်ခြင်းအား ရေးဆွဲဖော်ထုတ်ထားစဉ်

**၅.၅- အဖွဲ့အစည်း ချိတ်ဆက်မှုဇယား**

ရွာစိုက်ကျေးရွာတွင် အုပ်ချုပ်ရေးအဖွဲ့၊ သမဘာဏ်အဖွဲ့၊ ဓမ္မစကြာအဖွဲ့၊ အမျိုးသမီးထမင်းချက်အဖွဲ့၊ အမျိုးသားဟင်းချက်အဖွဲ့၊ ပရဟိတအဖွဲ့ဟူ၍ အဖွဲ့အစည်းပေါင်း (၆)ဖွဲ့ရှိရာ ပူးပေါင်းလုပ်ဆောင်ကြသော အဖွဲ့များမှာ ပရဟိတအဖွဲ့နှင့် အမျိုးသားဟင်းချက်အဖွဲ့၊ အမျိုးသမီးထမင်းချက်အဖွဲ့နှင့် ဓမ္မစကြာအဖွဲ့တို့မှာ ပူးပေါင်းကြပြီး သမဘာဏ်အဖွဲ့မှာ ကျန်အဖွဲ့ဝင်များနှင့် ပူးပေါင်းလုပ်ဆောင်မှုနည်းနေသည်ကို တွေ့ရ၍ အုပ်ချုပ်ရေးမှာ ဩဇာသက်ရောက်မှုရှိပြီး ကျန်အဖွဲ့များအား ဦးဆောင်ကာ လုပ်ဆောင်နေသည်ကို တွေ့ရှိရသည်။

ရွာစိုက်ကျေးရွာ၏ အဖွဲ့အစည်း ချိတ်ဆက်မှုကို ကြည့်ခြင်းအားဖြင့် အဖွဲ့ခြောက်ဖွဲ့မှာ စုပေါင်း၍ စည်းစည်းလုံးလုံးနှင့် လုပ်ဆောင်ကြခြင်းမျိုးမဟုတ်ပဲ သူ့အဖွဲ့နှင့်သူ လုပ်ဆောင်နေကြသည်ကိုတွေ့ရှိရပြီးညီညွတ်မှုမရှိစည်းလုံးမှုပျိုကွဲနေခြင်းလည်းမဟုတ်သည်ကိုတွေ့ရှိရ သည်။




ရွာစိုက်ကျေးရွာ၏ အဖွဲ့အစည်းချိတ်ဆက်မှုအား ရေးဆွဲဖော်ထုတ်ထားစဉ်

**၅.၆- ပင့်ကူအိမ်( ကျား၊မရေးရာကဏ္ဍအား ခွဲခြမ်းစိတ်ဖြာခြင်း)**

ရွာစိုက်ကျေးရွာအမျိုးသားများ၏ ဝင်ငွေရရှိမှုမှာ အဆင့်(၈) တွင်ရှိ၍ အမျိုးသမီးများ၏ ဝင်ငွေမှာ အဆင့်(၆)တွင်ရှိသည့်အတွက် အမျိုးသားများမှာ အမျိုးသမီးများထက် ဝင်ငွေ ပိုမိုရရှိသည်ကို တွေ့ရှိရပါသည်။ ပညာရေးအနေဖြင့် အမျိုးသာများမှာ အဆင့် (၅) နှင့် အမျိုးသမီးများမှာလည်း အဆင့် (၅) နေရာတွင်ရှိနေသည့်အတွက် ပညာတတ်မြောက်မှုနှုန်းမှာ တူညီနေသည်ကို တွေ့ရှိရသည်။ အိမ်မှုကိစ္စပိုင်းတွင် အမျိုးသားများမှာ အဆင့် (၅)နှင့် အမျိုးသမီးများမှာ အဆင့် (၁၀) နေရာတွင် ရှိသည့်အတွက် အမျိုးသမီးများမှာ အမျိုးသာများထက် ထက်ဝက်ပိုမို လုပ်နေရသည်ကိုတွေ့ရှိရသည်။ ကျန်းမာရေးပိုင်းတွင် အမျိုးသားများမှာ အဆင့် (၅) နှင့် အမျိုးသမီးများမှာလည်းအဆင့် (၅) နေရာတွင်ရှိနေသည့်အတွက် ကျန်းမာရေးမှာ တူညီနေသည်ကို တွေ့ရှိရသည်။ ပရဟိတအပိုင်းတွင် အမျိုးသားများမှာ အဆင့် (၈)နှင့် အမျိုးသမီးများမှာလည်း အဆင့်(၈) ရရှိသည့်အတွက် ပရဟိတအပိုင်းတွင်လည်း တူညီနေသည်ကို တွေ့ရှိရပါသည်။ အစည်းအဝေးများ တက်ရောက်မှုအပိုင်းတွင်လည်း အမျိုးသားများမှာ အဆင့် (၈)နှင့် အမျိုးသမီးများမှာလည်း အဆင့်(၈) ရရှိသည့်အတွက် တူညီနေသည်ကို တွေ့ရှိရပါသည်။ ဆုံးဖြတ်ချက်ချနိုင်မှုအပိုင်းတွင် အမျိုးသားများမှာ အဆင့် (၇)နှင့် အမျိုးသမီးများမှာလည်း အဆင့်(၇) ရရှိသည့်အတွက် ဆုံးဖြတ်ချက်ချမှု အပိုင်းတွင်လည်း တူညီနေသည်ကို တွေ့ရှိရပါသည်။ စိုက်ပျိုးရေးပိုင်းတွင် အမျိုးသားများမှာ အဆင့် (၅)နှင့် အမျိုးသမီးများမှာလည်း အဆင့်(၅) ရရှိသည့်အတွက် စိုက်ပျိုးမှု အပိုင်းတွင်လည်း တူညီနေသည်ကို

တွေ့ရှိရပါသည်။ ရွာစိုက်ကျေးရွာ၏ အမျိုးသား၊ အမျိုးသမီးကဏ္ဍအား လေ့လာကြည့်ရာတွင် အမျိုးသားများမှာ ဝင်ငွေရပိုင်းတွင် သာလွန်နေပြီး အိမ်မှုကိစ္စပိုင်းတွင် အမျိုးသမီးများက သာလွန်နေသည်။ ကျန်အခန်းကဏ္ဍများမှာ တူညီနေသည်ကိုတွေ့ရှိရပါသည်။



ရွာစိုက်ကျေးရွာ၏ ပင့်ကူအိမ်အား ရေးဆွဲဖော်ထုတ်ထားစဉ်

**၅.၇- အမျိုးသားအမျိုးသမီးများ၏ အခက်အခဲနှင့် မျှော်မှန်းချက်**

ရွာစိုက်ကျေးရွာ၏ အမျိုးသား၊ အမျိုးသမီးများ၏ အခက်အခဲနှင့် မျှော်မှန်းချက်များကို ကျေးရွာသူ၊ ကျေးရွာသားများနှင့် ဖော်ထုတ်ခဲ့ရာ အောက်ပါအတိုင်း တွေ့ရှိရပါသည်။

အမျိုးသား

| လိုအပ်ချက် | မျှော်မှန်းချက် |
|---|---|
| ရွာချင်းဆက်လမ်း(ပေါက်စိမ်း၊ ရွာစိုက်) | လမ်းပန်းဆက်သွယ်ရေး အဆင်ပြေစေရန် |
| ကန်ပြုပြင်ရန် | သောက်သုံးရေ လုံလောက်မှုရှိစေရန် |
| စာကြည့်တိုက်ဆောက်လုပ်ရန် | ကျေးရွာသူ၊ ကျေးရွာသားများ ဗဟုသုတ တိုးပွားလာရန် |
| သောက်ရေတွင်း (စက်၊အုတ်ကန်) | သန့်ရှင်းသော သောက်သုံးရေ ရရှိစေရန် |

အမျိုးသမီး


| လိုအပ်ချက် | မျှော်မှန်းချက် |
|---|---|
| သောက်ရေတွင်း တူးဖော်ရန် | သန့်ရှင်းသော သောက်သုံးရေ ရရှိစေရန် |
| စာသင်ကျောင်းပြုပြင်ရန် | ကျောင်းသူ၊ ကျောင်းသားများ ကောင်းမွန်စွာ ပညာသင်ကြားနိုင်ရန် |
| ရွာတွင်းလမ်းပြုပြင်ရန် | လမ်းပန်းဆက်သွယ်ရေး အဆင်ပြေစေရန် |
| စာကြည့်တိုက်ဆောက်လုပ်ရန် | ကျေးရွာသူ၊ ကျေးရွာသားများ ဗဟုသုတ တိုးပွားလာရန် |
| သောက်ရေကန်ပြုပြင်ရန် | သောက်သုံးရေ လုံလောက်မှုရှိစေရန် |

**၅.၈- ပြဿနာသစ်ပင်အား ဆန်းစစ်ခြင်း**

ရွာစိုက်ကျေးရွာ၏ ပြဿနာသစ်ပင်အား ဆန်းစစ်ရာတွင် တစ်ရွာ၏ သောက်သုံးရေမှာ လုံး ရေကန်မှ ရေကိုသာ မှီခိုနေရပြီး ရေကန်မှာ ပြုပြင်ရန်လိုအပ်နေသည်ကို တွေ့ရှိရသည်။

အကြောင်းရင်းမှာ ရေကန်၏သက်တမ်းမှာ ကြာမြင့်လာပြီဖြစ်သည့်အတွက် နုန်းအနယ်များထိုင်လာရာ ရေကန်မှာ တိမ်ကောလာခြင်း၊ ရေကြာကြာမနေခြင်း၊ အနယ်အမှုန်များလာ၍ သောက်သုံးရန် အခက်အခဲရှိလာခြင်း၊ ကျေးရွာ၏ စီးပွားရေးအဆင်မပြေခြင်း၊ ကျေးရွာတွင် သောက်သုံးရန်သင့်တော်သည့် တွင်းရေ ရှားပါးခြင်းများ ကြုံတွေ့နေရပါသည်။

ထိုကဲ့သို့သော အကြောင်းအရင်းများကြောင့် နောက်ဆက်တွဲ အကျိုးသက်ရောက်မှုများအနေဖြင့် သောက်သုံးရေအတွက် အချိန်ပေး၍ ရေခပ်ယူရခြင်း၊ ရေသိုလှောင်နိုင်မှု နည်းပါးလာသည့်အတွက် နှစ်ပတ်လည် ရေလုံလောက်မှုမရှိခြင်း၊ ကျေးရွာသူ၊ ကျေးရွာသားများ၏ ကျန်းမာရေးများ ထိခိုက်လာနိုင်စေခြင်း.........စသည်တို့ဖြစ်သည်။



ရွာစိုက်ကျေးရွာ၏ ပြဿနာသစ်ပင်အား ရေးဆွဲဖော်ထုတ်ထားစဉ်

ရွာစိုက်ကျေးရွာ၏ ဥစ္စာနေအဆင့်သတ်မှတ်ခြင်းအား ရေးဆွဲဖော်ထုတ်ထားစဉ်





လူထုဝဟိုပြုစီမံကိန်း၊စီမံကိန်းလက်စွဲ

အပိုင်း-၃ ၉.၉.၂၀၁၅

**ပုံစံ-၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)**

| | | | | |
|---|---|---|---|---|
| *လမ်းညွှန်ချက်/* ကျေးရွာတစ်ရွာသို့ ပထမဆုံး မိတ်ဆက်ခရီးသွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအားကျေးရွာအချက်အလက်များကိုမေတ္တာရပ်ခံ၍တောင်းခံရသည်။ဤအချက်အလက်များကိုစီမံကိန်းမိတ်ဆက်အစည်းဝေးမတိုင်မီတောင်းခံရမည်။စီမံကိန်းမိတ်ဆက်အစည်းဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအားစစ်ဆေးပြီးမှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့်ဖြည့်သွင်းရမည်။ | | | | |
| ကျေးရွာအုပ်ချုပ်ရေးမှူးအမည် ဦးလှဝင်း | | ကျေးရွာအုပ်ချုပ်ရေးမှူး၏ဖုန်းနံပါတ် ၀၉-[illegible] | | လူထုစည်းရုံးရေးမှူး၏အမည် |
| ပြည်နယ်၊တိုင်းဒေသကြီး မန္တလေး | မြို့နယ် [illegible] | ကျေးရွာအုပ်စု [illegible] | | ကျေးရွာ [illegible] |

**က. လူဦးရေ**

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁)---ဗမာ--- | ၃၀ | ဘာသာ(၁)---ဗုဒ္ဓ--- | ၃၀ |
| လူမျိုးစု (၂)------------ | | ဘာသာ(၂)------------ | |
| လူမျိုးစုရော------------ | | ဘာသာရော------------ | |

| | အမျိုးသား(အရေအတွက်) | အမျိုးသမီးအရေအတွက် |
|---|---|---|
| လူဦးရေ | ၆၉ | ၈၈ |
| အိမ်ထောင်ဦးစီး | ၂၁ | ၉ |

**(ခ)လက်လှမ်းမီအသုံးပြုနိုင်သည့်အဆောက်အဦးများ**

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေးအဆောက်အဦ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| *မှတ်ချက်* | | *မှတ်ချက်* | | *မှတ်ချက်* | |

လူထုဗဟိုပြုစီမံကိန်း၊စီမံကိန်းလက်စွဲ

အပိုင်း-၃ ၉.၉.၂၀၁၅

**(ဂ)ကျွမ်းကျင်သူများမှတ်တမ်း ၊ ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သောကျွမ်းကျင်သူများ**

| (၁)စာသင်ကျောင်း | | | (၂)ကျန်းမာရေး | | | (၃)လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ၊ဆရာမ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာဆရာမ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ၊ဆရာမ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ဆိုင်ရာ | ☐ | ☐ |
| မူကြိုဆရာ၊ဆရာမ | ☐ | ☐ | အရံသားဖွား | ☐ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား (၁)/(၂) | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| *မှတ်ချက်* | | | *မှတ်ချက်* | | | *မှတ်ချက်* | | |

**(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့်လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ(အောက်ပါတို့ကိုဝိုင်းပါ)**

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | (မြေသားလမ်း) | လူသွားလမ်း | အခြား ____________ |

**(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်** ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? ရှိပါသည်/(မရှိပါ)/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

**(စ) ခရီးအကွာအဝေး**

(၁) ဤကျေးရွာ၏ဗဟိုမှ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်-[illegible]/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိသွားလာရာတွင်ကြာမြင့်သည့်အချိန်

ခြောက်သွေ့ရာသီတွင်ကြာချိန်-----၅ မိနစ်----ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/ အခြား ------------------

မိုးရာသီတွင်ကြာချိန်-----------၂၇ မိနစ်--------ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/ အခြား ------------------

**(ဆ) ပတ်ဝန်းကျင်ဆိုင်ရာသဘာဝဘေးအန္တရာယ် -**

ဤကျေးရွာတွင်ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်းရှိပါသလား။

☐မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ-----[illegible]------------------------

လူထုဗဟိုပြုစီမံကိန်း၊စီမံကိန်းလက်စွဲ
အပိုင်း-၃ ၁၉.၉.၂၀၁၅

(ဈ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ(သို့)ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁)------------- [illegible]
(၂)----------------------------------

| | |
|---|---|
| ကျေးရွာခေါင်းဆောင် | အမည် ဦးလှဝင်း |
| | လက်မှတ် [illegible] နေ့စွဲ 15.3.16 |
| လူထုစည်းရုံးရေးမှူး | အမည် ဦးဟန်စိုး |
| | လက်မှတ် fein နေ့စွဲ |

လူထုဗဟိုပြုစီမံကိန်း၊စီမံကိန်းလက်စွဲ
အပိုင်း-၃ ၉.၉.၂၀၁၅

ပုံစံ စ-၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | | | |
|---|---|---|---|---|---|
| လမ်းညွှန်ချက်-သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာနည်းပညာမှူးများမှ အတွက်ဤပုံစံကိုဖြည့်သွင်းရမည်။ | | စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီ | ပြီးစီးတိုင်းကျေးရွာနှင့် | ကျေးရွာအုပ်စု | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် | | | | | |
| နေ့စွဲ | | စက်ဝန်းအားအမှတ်ခြစ်ပါ ☑ စက်ဝန်း(၁) ☐ စက်ဝန်း(၂) ☐ စက်ဝန်း(၃) ☐ စက်ဝန်း (၄) | | | |
| ပြည်နယ်/တိုင်း မန္တလေး | မြို့နယ် [illegible] | ကျေးရွာအုပ်စု [illegible] | ကျေးရွာ [illegible] | | |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသားအရေအတွက် | အမျိုးသမီးအရေအတွက် | အိမ်ထောင်စုအရေအတွက် | လူမျိုးစုတက်ရောက်သူအရေအတွက်နှင့် လူမျိုးစုအမည် |
| ၁. ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၁၅.၃.၁၆ | ၁၅.၃.၁၆ | ၁၅ | ၂၄ | ၃၀ | - |
| ၂. ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၁၆.၃.၁၆ | ၁၆.၃.၁၆ | ၁၄ | ၂၁ | ၂၇ | - |
| ၃. ကျေးရွာအုပ်စု လုပ်ငန်း ဆုံးဖြတ်ချက်ချသည့်အစည်းအဝေး | ၁၇.၃.၁၆ | ၁၇.၃.၁၆ | ၂၀ | ၁၁ | ၃၁ | - |
| ၄. မြို့နယ်အဆင့်စီမံကိန်းရေးဆွဲရေးနှင့်အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှုအစည်းအဝေး | ၆.၅.၁၆ | ၆.၅.၁၆ | မလို | မလို | မလို | မလို |
| ၅. မြို့နယ် စီမံကိန်းရေးဆွဲရေးနှင့်အကောင်အထည်ဖော်ရေးကော်မတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေးအကြောင်းကြားသည့်အစည်းအဝေး | | | | | | - |
| ၆. စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | မလို | မလို | မလို | မလို | မလို | မလို |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | - |
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | - |

## ပုံစံ စ-၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| *လမ်းညွှန် ချက်* /အဆင့်(၃)ကျေးရွာမျှော်မှန်းချက်အစည်းအဝေးပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ အားလုံးသော အခက်အခဲအတားအဆီးများ၊ ဖွံ့ဖြိုးမှုဦးစားပေးအစီအစဉ်များ၊လူထုဗဟိုပြုစီမံကိန်း၏ ရန်ပုံငွေအရင်းအမြစ်နှင့် မသက်ဆိုင်သည့် လုပ်ငန်းများအားလုံးကိုဖော်ပြရမည်။ |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် |

| | | | | | | |
|---|---|---|---|---|---|---|
| နေ့စွဲ 15.3.16 | | | စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☑ စက်ဝန်း(၁) □ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄) | | | |
| ပြည်နယ်/တိုင်း | မကွေး | မြို့နယ် ငဖဲ မြို့ | ကျေးရွာအုပ်စု | ဘဲဘို | ကျေးရွာ | ကျွန်းချိုက် |

**က. အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင်ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း(အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| **အမျိုးသား** အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | | **အမျိုးသမီး** အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | လမ်း (ပေါက်စီး – ကျွန်းချိုက် (၁မိုင်ခွဲ) | ၁ | ရေအိုးတွင်း |
| ၂ | ကန် (ရွာရှေ့) ပြုပြင်ရန် | ၂ | စာသင်ကျောင်း ပြုပြင်ရန် |
| ၃ | စာကြည့်တိုက် | ၃ | လမ်းချဲ့ရန် |
| ၄ | သောက်ရေတွင်း (စက်တွင်း + ရေတိုင်ကီ) | ၄ | စာကြည့်တိုက် တည်ဆောက်ရန် |
| ၅ | | ၅ | သောက်ရေကန်ပြုပြင် တိုးချဲ့ရန် |

ခ. မျှော်မှန်းခြင်း- နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှတင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှတင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | သွားလာရေး လွယ်ကူ | ၁ | သောက်သုံးရေ အဆင်ပြေ |
| ၂ | သောက်သုံးရေ အဆင်ပြေ | ၂ | ကျောင်းသား/သူ အဆင်ပြေ |
| ၃ | ရွာသူ/သားများ ဗဟုသုတ တိုးပွါးနိုင် | ၃ | သွားလာရေး အဆင်ပြေ |
| ၄ | သောက်သုံးရေ အဆင်ပြေ | ၄ | အသိပညာတိုး ပွားရန် |
| ၅ | | ၅ | သောက်သုံးရေ အဆင်ပြေ |

**ဂ. ဤကျေးရွာ၏ လာမည့်( ၃)နှစ်အတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။**
**(လူထုဗဟိုပြုစီမံကိန်း ရံပုံငွေအတွက် အဆိုပြုသော အစီအစဉ်များကိုဦးစားပေး အဆင့်အလိုက်ဖော်ပြပြီး ကျန်လူထုဗဟိုပြုစီမံကိန်း ရန်ပုံငွေအရင်းအမြစ်နှင့် မပတ်သက်သည့်အစီအစဉ်များလည်းဖော်ပြရန်ဖြစ်သည် )**

| | ကျေးရွာအတွက်ဦးစားပေးဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/ | လူထုဗဟိုပြုစီမံကိန်းအတွက်အဆိုပြုသည် (ဦးစားပေးအဆင့် အလိုက် ဖော်ပြပါ) | ခန့်မှန်း ကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူခန့်မှန်းခြေ |
|---|---|---|---|---|---|

| | | အမျိုးသား+အမျိုးသမီး) | | | အရေ အတွက် |
|---|---|---|---|---|---|
| ၁ | သောက်ရေကန် ပြုပြင် | ကျ + မ | ၁ | | |
| ၂ | သောက်ရေတွင်း | ကျ + မ | ၂ | | |
| ၃ | လမ်းပြင်ရန် | ကျ+မ | ၃ | | |
| ၄ | စာသင်ကျောင်း ပြုပြင် | မ | ၄ | | |
| ၅ | စာကြည့်တိုက် | ကျ+မ | ၅ | | |
| ၆ | | | | | |

ဥက္ကဋ္ဌ၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှအတည်ပြုသည်။

အမည် ဦးသန်းဆွေ လက်မှတ် [signature] နေ့စွဲ 15.3.16

# ပုံစံ စ-၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ

| | | |
|---|---|---|
| လမ်းညွှန်ချက်။ ။ ကျေးရွာအုပ်စုစီမံချက်ရေးဆွဲသည့်အစည်းအဝေးတွင် ဤပုံစံအားလူထုစည်းရုံးရေးမှူး / လက်ထောက်နည်းပညာမှူးတို့၏ အကူအညီဖြင့်ပြည့်စုံစွာ ဖြည့်သွင်းရမည်။ ဤပုံစံအားပြည့်စုံစွာဖြည့်သွင်းပြီးပါကကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင်နောက်ဆက်တွဲအဖြစ်တွဲထားရမည်။ CF မှ အချက်အလက်များကို MIS သို့ ထည့်သွင်းရမည်။ | | |
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် | | |
| နေ့စွဲ | | စက်ဝန်းအားအမှတ်ခြစ်ပေးပါ(✓) ☑စက်ဝန်း(၁) ☐စက်ဝန်း(၂) ☐စက်ဝန်း(၃) ☐စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း မကွေး | မြို့နယ် ဂန့်ဂေါ် | ကျေးရွာအုပ်စု သံဘို |

| ကျေးရွာအမည် | ဆောင်ရွက်မည့်လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက်အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | |
| သံဘို | ရွာတွင်း ရေကန် | မြေတူးကျင်း 100'x44'x5' ရေပြွန် ကျောက်ပြွန် 1/2 x6x8x15' | လူဦးရေ ၂၂၀ ဦး | ☐ ကျား ☐ မ ☑ ကျား+ မ | ၄၈ သိန်း | — | | | ၄၈ သိန်း |
| တောင်ဘောက် | မြေသား ရေကန် ပြုပြင် ဆောက်လုပ် | 185x26'x5' မြေတူး | လူဦးရေ ၆၀၀ ဦး | ☐ ကျား ☐ မ ☐ ကျား+ မ | ၄၈ သိန်း | | | | ၄၈ သိန်း |
| ချာခိုက် | မြေသားကန် ပြုပြင်ထား နှင့် ခြောက်ထပ် | ၁၅၉ ကျင်း | လူဦးရေ ၂၃၀ ဦး | ☐ ကျား ☐ မ ☐ ကျား+ မ | ၄၈ သိန်း | ၆ သိန်း (လုပ်အား+ ငွေကြေး) | | | ၅၄ သိန်း |
| အောင်ချမ်းသာ | မြေသား ရေကန် ဆောက်လုပ် | 135'x25'x5' မြေတူး | လူဦးရေ ၁၅၀ ကျော် | ☐ ကျား ☐ မ ☐ ကျား+ မ | ၄၈ သိန်း | — | | | ၄၈ သိန်း |
| | | | | ☐ ကျား ☐ မ ☐ ကျား+ မ | | | | | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ (သံဘို) အမည် ဦးစံဝင်း လက်မှတ် [signature] ရက်စွဲ ၁၅.၁.၂၀၁၈